၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

စိတ်ကြိုက်မြန်မာစာ　　　　　　　　　　ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) 'အမေ' ဝတ္ထုတိုမှမိခင်နှင့်သားတို့၏အမှတ်တရဖြစ်ရပ်များကိုဖော်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

'ကာဖီ' ဝတ္ထုတိုတွင်ဒေါ်လုံမကြီး၏စရိုက်ကိုမည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

(ခ) 'အာဇာနည်မိခင်' ပြဇာတ်တွင်ရာဇဝတ်ဝန်ထောက်မင်းဦးသက်ကြွင်း၏ စရိုက်ကို စိတ်ဝင်စားဖွယ်တင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

'မြန်မာစာပရိဂရက်(စ)ဖြစ်ဖို့' ပြဇာတ်မှဟာသမြောက်သောသရော်ကွက်များကိုဖော်ပြပါ။

၂။ (က) အောက်ပါတို့မှ နှစ်ခုကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) ယောက်ျားတကာ၊ တတ်စရာ၌၊ လိမ္မာမပွန်၊ အရွယ်လွန်မူ၊ ရွှေဟန်ဆင်းရောင်၊ ဟသ်ာဘောင်တွင်၊ အတောင်ဖြူကာ၊ ဗျိုင်းပမာသို့။

(၂) အဖကောင်းသား ၊ယောက်ျားမပီ၊ မထီမဲ့လျင်း၊ စပါးဖျင်းသို့။

(၃) အရင်းမမာ၊ အကာဖောင်းဖောင်း၊ ဘူးတောင်းအတူ၊ ပေါ့သသူလည်း။

(၄) အန်ခတ်ကြက်တိုက်၊ သားငါးလိုက်၍၊ နေ့၌ပျော်မြူး၊ ညည့်အိပ်ကြူးသား၊ ကျေးဇူးမပွား၊ လူဖျင်းလားသို့။

(ခ) သံဝရပျို့မှ အတုယူထိုက်သည့်သံဝရမင်းသားလေး၏စရိုက်ကိုဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

သံဝရပျို့မှ ရှင်မဟာရဋ္ဌသာရ၏အရေးအဖွဲ့စွမ်းရည်ကို ဝေဖန်အကဲဖြတ်ပါ။

၃။ (က) အောက်ပါတို့မှ နှစ်ခု အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

သံချို၊ တျာချင်း၊ ဒွေးချိုးစပ်နည်း၊ အိုင်ချင်းစပ်နည်း။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကိုဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့်ရှင်းပြပါ။ (၁၅မှတ်)

ရွှေကျီးရယ်သာ၊ ညည့်လာရော့သလား။ ခန်းဝကကြို၊ ခင်လေးရွှေရင်ဖိုခိုက်၊ ကျီးညိုကနား။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၁၀မှတ်)

(၁) ကုန်းဘောင်ခေတ်တွင်မည်သည့်စာပေများအင်နှင့်အားနှင့်ပေါ်ထွန်းလာသနည်း။

(၂) ဇာတ်တော်ကြီးဆယ်ဘွဲ့စကားပြေကိုမည်သို့ရေးဖွဲ့ထားသနည်း။

(၃) စုန်နံ့သာမြိုင်ရှာပုံတော်ကြီးကိုမည်သူရေးခဲ့သနည်း။

(၄) မြန်မာကာလပေါ်ဝတ္ထုကိုဆန်းသစ်စေသူမှာမည်သူနည်း။

(၅) ရွှေဥဒေါင်း၏ပင်ကိုယ်ရေးဝတ္ထုကိုဖော်ပြပါ။

(၆) ဘိုးတော်ဘုရား၏အမေးကိုမောင်းထောင်ဆရာတော်ဖြေထားသည့်အဖြေကျမ်း အမည်ကိုဖော်ပြပါ။

(၇) ခေတ်စမ်းကဗျာများသည်မည်သည့်စာပေလှုပ်ရှားမှုနှင့်အတူပေါ်လာသနည်း။

(၈) တွင်းသင်းမင်းကြီးပြုစုခဲ့သောရာဇဝင်ကျမ်းအမည်ကိုဖော်ပြပါ။

(ခ) မြန်မာစာပေသမိုင်းမှကုန်းဘောင်ခေတ်ဗုဒ္ဓစာပေကိုအခြေခံသောဝတ္ထုစကားပြေ အကြောင်းဆွေးနွေးပါ။ (၁၅မှတ်)

(သို့မဟုတ်)

မြန်မာစာပေသမိုင်းမှကိုလိုနီခေတ်စာနယ်ဇင်းဆောင်းပါးများအကြောင်းဆွေးနွေးပါ။